# MTSH

## Myanmar Thilawa SEZ Holdings Public Co., Ltd.

24th June 2020 (Wednesday)

# 7th Annual General Meeting

Online Meeting

(10:00 Am)

**(Shareholders Online Registration - 26-5-2020 to 12-6-2020)**

**“အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်း/အကြံပြုလိုသည်များရှိပါက (၁၉–၆–၂၀၂၀) ရက်နေ့ ညနေ (၄း၃၀) နာရီ နောက်ဆုံးထား၍ info@mtshmyanmar.com သို့ ပေးပို့နိုင်ပါသည်”**

**"For any questions or suggestions, please kindly send to info@mtshmyanmar.com latest 4:30 pm on 19th June 2020"**

# ဖိတ်ကြားလွှာ

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH) ၏
သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို
COVID-19 ဗိုင်းရပ်စ်ပျံ့နှံ့မှုကို တားဆီးနိုင်ရန်အတွက် လူမှုရေးအကွာအဝေး လမ်းညွှန်ချက်များနှင့် အညီ
အွန်လိုင်းအသုံးပြု၍ ၂၄ - ၆ - ၂၀၂၀ နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍
အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၂၄) ရက် (ဗုဒ္ဓဟူးနေ့) |
| အစည်းအဝေးစတင်မည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| ကျင်းပမည့် စနစ် | - | ZOOM & MTSH Facebook Page (LIVE) |

၂၆ - ၅ - ၂၀၂၀ နေ့တွင် https://mtshmyanmar.com တွင် ၂၀၁၉ ဘဏ္ဍာနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့်
၂၀၁၉ - ၂၀၂၀ ခုနှစ်အတွက် အရွေးချယ်ခံမည့် ဒါရိုက်တာအဖွဲ့ကို အစုရှယ်ယာရှင်များက ဆန္ဒမဲပေးသည့် ကိစ္စနှင့် ပတ်သက်သည့် အချက်အလက်
အပြည့်အစုံကို အစုရှယ်ယာရှင်များ သိရှိ၍ Online Registration ပြုလုပ်နိုင်ရန်အတွက် တင်ပြထားမည် ဖြစ်ပါသည်။
Online Registration ပြုလုပ်ထားသူများကို မှတ်ပုံတင်ထားသည့် တယ်လီဖုန်းသို့ SMS ဖြင့် ZOOM Link ပေးပို့မည်ဖြစ်ပါသည်။
ဒါရိုက်တာအဖွဲ့၏ ၂၀၁၉ ဘဏ္ဍာနှစ် နှစ်ပတ်လည် အစီရင်ခံစာအား အစုရှယ်ယာရှင်များ သိရှိနိုင်ရန်အတွက် https://mtshmyanmar.com ၌
၂၇ - ၅ - ၂၀၂၀ နေ့တွင် တင်ထားပေးမည် ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**MTSH ၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင်**
**ဆောင်ရွက်မည့် ကိစ္စရပ်များ**

၁။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် အတည်ပြု ဘဏ္ဍာရေးရှင်းတမ်းကို ကြေညာခြင်း။

၂။ အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုခွဲဝေခြင်းကို ကြေညာခြင်း။

၃။ ဒါရိုက်တာအဖွဲ့၏ အတည်ပြု ဆုကြေးတင်ပြခြင်းကို ကြေညာခြင်း။

၄။ ၂၀၁၉–၂၀၂၀ ခုနှစ်အတွက် ရွေးချယ်ခန့်အပ်ခံရသည့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကြေညာခြင်း။

၅။ လွတ်လပ်သောဒါရိုက်တာ (၃) ဦး၏ အမည်စာရင်း ကြေညာခြင်း။

၆။ ၂၀၁၉–၂၀၂၀ ခုနှစ်အတွက် ပြင်ပစာရင်းစစ် ခန့်အပ်ခြင်းကို ကြေညာခြင်း။

**Agenda of MTSH 7th Annual General Meeting**

1. Announcement of Approved Directors’ Report and Financial Statements of FY 2019 ended 30th September 2019.
2. Announcement of Shareholders’ Dividend.
3. Announcement of Approved of Directors’ Bonus.
4. Announcement of Approved BOD Members for FY 2019–2020.
5. Announcement of Approved Independent Directors.
6. Announcement of Approved Independent Audit Firm for FY 2019–2020.

**“အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းအကြံပြုလိုသည်များရှိပါက ( ၁၉–၀၆–၂၀၂၀) ရက်နေ့ ညနေ (၄:၃၀) နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်”**

**“For any questions or suggestions, please kindly send them by 4:30 pm on 19th June 2020.”**

**ဒါရိုက်တာအဖွဲ့**

**Myanmar Thilawa SEZ Holdings Public Co., Ltd.**

# အမြတ်ဝေစု ခွဲဝေမည့်စနစ်အား ရှင်းလင်းတင်ပြခြင်း

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးခဲ့သည့် ၂၀၁၉ ဘဏ္ဍာနှစ် စာရင်းရှင်းတမ်းအရ ဒါရိုက်တာအဖွဲ့သည် ရရှိလာသည့် အမြတ်ငွေများအပေါ် အခြေခံ၍ ၂၄-၆-၂၀၂၀ နေ့တွင် ကျင်းပမည့် သတ္တမ အကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် တက်ရောက်လာသည့် အစုရှယ်ယာရှင်များအား အစုရှယ်ယာရှင်များပိုင်ဆိုင်သည့် အစုရှယ်ယာတစ်စုလျှင် ကျပ် (၂၀၀) တိတိအား ခွဲဝေပေးမည်ဖြစ်ကြောင်း ကြေညာပေးရန် (၂၅-၄-၂၀၂၀)နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၀) ၌ ဆွေးနွေးဆုံး ဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များသို့ ခွဲဝေပေးမည့် အမြတ်ဝေစုတန်ဖိုးကို အစုရှယ်ယာရှင်များအား စနစ်တကျထုတ်ပေးနိုင်ရန်အတွက် (၇-၅-၂၀၂၀)နေ့အထိ အရောင်းအဝယ် ပြုလုပ်ခဲ့ပြီး အစုရှယ်ယာရှင် မှတ်တမ်းတွင် ၁၂-၅-၂၀၂၀ နေ့၌ ပါရှိမည့် အစုရှယ်ယာရှင် တစ်ဦးချင်းစီက အစုရှယ်ယာ ဝယ်ယူပိုင်ဆိုင်သော အရေအတွက်အတိုင်း ရယူခွင့်ရှိမည်ဖြစ်သည်။

အမြတ်ဝေစုများထုတ်ဝေပေးရာတွင်-

Securities ကုမ္ပဏီများဖြစ်သော KBZSC, MSEC, AYAtrust Securities, CB Securities, KTZRH Securities နှင့် UAB Securities ကုမ္ပဏီတို့တွင် Securities Account ဖွင့်လှစ်ထားပြီးဖြစ်သည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုကို မိမိတို့ဖွင့်လှစ်ခဲ့သည့် Securities ကုမ္ပဏီများသို့ ထည့်သွင်း ပေးမည်ဖြစ်ပါ ၍ သက်ဆိုင်ရာ Securities ကုမ္ပဏီ နှင့် ဆက်သွယ်ဆောင်ရွက်ကြရပါမည်။ ထည့်သွင်းပေးမည့်ရက်ကို ထပ်မံကြေညာ ပါမည်။

Securities Account မဖွင့်လှစ်ရသေးသော အစုရှယ်ယာရှင်များအတွက် ထုတ်ယူရမည့်ဘဏ်ခွဲနှင့် ရက်စွဲကို ဆက်လက်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်**
**သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

## အမြတ်ဝေစု ထုတ်ယူရန်ကျန်ရှိသည့် အစုရှယ်ယာရှင်များကို အသိပေးအကြောင်းကြားခြင်း

၂၀၁၄-၁၅၊ ၂၀၁၅-၁၆၊ ၂၀၁၆-၁၇၊ ၂၀၁၇-၁၈၊ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တို့အတွက် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ခွဲဝေပေးသည့် အမြတ်ဝေစုကို အကြောင်းကြောင်းကြောင့် လာရောက်မထုတ်ယူသေးသည့် အစုရှယ်ယာရှင်များအနေဖြင့် အောက်တွင် ဖော်ပြထားသည့်အတိုင်း ဆက်သွယ်၍ အမြတ်ဝေစု ထုတ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | - | မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH၊ အစုရှယ်ယာဌာန၊ ရွှေဇမ္ဗူရေးဗားဗျူးကွန်းပလပ်(စ်)၊ ၂၃ ဂျီ-၁၊ အမှတ် ၃-ဘီ၊ တာဝါ (အေ)၊ (၉) ထပ် (အပေါ်ဆုံးထပ်)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - | ၀၁-၂၃၀၁၇၇၂ ၊ ၂၃၀၁၇၇၃ ၊ ၂၃၀၁၈၅၃ ၊ ၂၃၀၁၈၅၄ ၂၃၀၁၈၈၅ ၊ ၀၉-၉၆ ၉၉၉ ၇၈၁၇ |
| E-mail | - | ir@mtshmyanmar.com |

**ဒါရိုက်တာအဖွဲ့**
**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်**
**သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

---

## အသိပေးကြေညာချက်

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၁၉ ဘဏ္ဍာနှစ်အတွက် တာဝန်ယူထားသည့် ဒါရိုက်တာအဖွဲ့က သတ္တမအကြိမ်မြောက်နှစ်ပတ်လည် ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် တင်ပြမည့်နှစ်ပတ်လည် အစီရင်ခံစာ စာအုပ်ကို ၂၇-၅-၂၀၂၀ နေ့မှ စတင်၍ MTSH ၏ Website ဖြစ်သည့် www.mtshmyanmar.com တွင် တင်ထားမည် ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်**
**သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

သို့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ရက်စွဲ။ ။ ၂၀၂၀ ခုနှစ်၊ မေလ ( )ရက်။

## ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်အရွေးခံရန် အဆိုပြုလွှာ

လူကြီးမင်းခင်ဗျား…

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင် ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို လိုက်နာလျက် ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များ ပြန်လည်ရွေးချယ်ခန့်အပ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်အရွေးအချယ်ခံလိုကြောင်း အဆိုပြုပါသည်။

အဆိုပြုသူလက်မှတ် ----------------------------

အဆိုပြုသူအမည် ----------------------------

မှတ်ပုံတင်အမှတ် ----------------------------

နေရပ်လိပ်စာ ----------------------------

---

## ဒါရိုက်တာအဖြစ် အရွေးခံရန် အဆိုပြုနိုင်သည့် အစုရှယ်ယာရှင်၏ အရည်အချင်း သတ်မှတ်ချက်နှင့် စည်းကမ်းချက်များ

၁။ အစုရှယ်ယာအရေအတွက် တစ်သောင်းနှင့်အထက် ပိုင်ဆိုင်ရမည်။

၂။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာအရည်အချင်းနှင့်ပြည့်မီ၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအား လိုက်နာနိုင်သူဖြစ်ရမည်။

၃။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၂)ပုံ ပါရှိရမည်။

၄။ ပူးတွဲပါ ကိုယ်ရေးမှတ်တမ်းအကျဉ်းတွင် ပြည့်စုံစွာ ဖြည့်စွက်၍ ပြန်လည်ပေးပို့ရမည်။

၅။ ၁၂-၆-၂၀၂၀ ရက် (သောကြာနေ့) ညနေ (၄း၃၀) နာရီထက် နောက်မကျဘဲ MTSH ၏ E-mail အမှတ် info@mtshmyanmar.com သို့ ပေးပို့ပေးရန်နှင့် ၄င်းအချိန်ထက် ကျော်လွန်ပါက အတည်ပြုလက်ခံမည် မဟုတ်တော့ပါ။

# မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

၂၀၁၉-၂၀၂၀ ခုနှစ်အတွက် ဒါရိုက်တာအဖြစ် ပါဝင်အရွေးခံလိုသူ၏
ကိုယ်ရေးမှတ်တမ်းအကျဉ်း

| | | |
|---|---|---|
| ၁။ | အမည် | - ------------------------------------ |
| ၂။ | နိုင်ငံသား မှတ်ပုံတင်အမှတ် | - ------------------------------------ |
| ၃။ | မွေးသက္ကရာဇ် | - ------------------------------------ |
| ၄။ | ပညာအရည်အချင်း | - ------------------------------------ |
| ၅။ | လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ | - ------------------------------------ |
| ၆။ | မိဘအမည်၊ကိုးကွယ်သည့်ဘာသာ | - ------------------------------------ |
| ၇။ | လက်ရှိနေရပ်လိပ်စာ | - ------------------------------------ |
| | | ------------------------------------ |
| | | ------------------------------------ |
| ၈။ | ဆက်သွယ်ရန် ဖုန်းနံပါတ် | - ------------------------------------ |
| | အီးမေးလ် | ------------------------------------ |
| ၉။ | ဝယ်ယူထားသည့် အစုရှယ်ယာလက်မှတ် | - ------------------------------------ |
| | အမှတ်နှင့် အရေအတွက် | ------------------------------------ |
| ၁၀။ | ကုမ္ပဏီလုပ်ငန်းအတွေ့အကြုံ | - ------------------------------------ |
| | (နောက်ဆက်တွဲဖြင့် ဖော်ပြနိုင်ပါသည်) | ------------------------------------ |
| | | ------------------------------------ |
| ၁၁။ | အခြားလုပ်ငန်း အတွေ့အကြုံ | - ------------------------------------ |
| | (နောက်ဆက်တွဲဖြင့် ဖော်ပြနိုင်ပါသည်) | ------------------------------------ |
| | | ------------------------------------ |
| | | ------------------------------------ |

၁၂။ အထက်ဖော်ပြပါ အကြောင်းအရာပါများမှာ မှန်ကန်ပါကြောင်းနှင့် ဒါရိုက်တာအဖြစ် ရွေးချယ်ခံရပါက လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

အဆိုပြုသူ အစုရှယ်ယာရှင်၏ လက်မှတ်

--------------------------------

# အစုရှယ်ယာရှင်များအား အသိပေးခြင်း

၁။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်နှင့်အညီ အွန်လိုင်းအသုံးပြု၍ ၂၄-၆-၂၀၂၀ နေ့ နံနက် (၁၀:၀၀)နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဒါရိုက်တာအဖွဲ့၏ ၂၀၁၉ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစီရင်ခံစာကို ၂၇-၅-၂၀၂၀ နေ့တွင် https://mtshmyanmar.com ၌ တင်ပြထားပေးမည်ဖြစ်ပါသည်။

၃။ အစုရှယ်ယာရှင်များ၏ အကြံပြုချက်/ မေးမြန်းချက်များကို ၁၉-၆-၂၀၂၀ နေ့ ညနေ (၄:၃၀)နာရီ နောက်ဆုံးထား၍ ဒါရိုက်တာအဖွဲ့ထံသို့ လိပ်မူပြီး info@mtshmyanmar.com သို့ ပေးပို့နိုင်ပါသည်။

၄။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်ရွေးချယ်ခံရန် အစုရှယ်ယာအရေအတွက် (၁၀,၀၀၀)နှင့် အထက် ပိုင်ဆိုင်သူဖြစ်ရပါမည်။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူများသည် MTSH Website ဖြစ်သော www.mtshmyanmar.com သို့ဝင်ရောက်၍ သတ်မှတ်ထားသည့် ဖောင်ပုံစံအား Download ပြုလုပ်ဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။

၅။ အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့် ဒါရိုက်တာအဖွဲ့ဝင်သစ်များကို ရွေးချယ်နိုင်ရန် online register ပြုလုပ်ရမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းကို ၁၂-၆-၂၀၂၀ နေ့ ညနေ (၅:၃၀)အချိန်ထက် နောက်မကျဘဲ နောက်ဆုံးထား၍ MTSH Website ဖြစ်သော www.mtshmyanmar.com တွင် ဝင်ရောက်ဆောင်ရွက်နိုင်ပါသည်။

၆။ Online Registration ပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များ အနေဖြင့် MTSH Share Department ၏ Viber Phone Number : 09-96999 7808, 09-96999 7817 သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက်ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် မိုဘိုင်း ဖုန်းနံပါတ်တစ်ခုဖြင့်သာ အစုရှယ်ယာရှင်ကိုယ်တိုင် စာရင်းပေးသွင်း ဆောင်ရွက်နိုင်ပါသည်။

၇။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အွန်လိုင်းအသုံးပြု၍ ၂၄-၆-၂၀၂၀ နေ့ နံနက် (၁၀:၀၀)အချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အစည်းအဝေးကျင်းပသည့်နေ့တွင် ဒါရိုက်တာအဖွဲ့ဝင်ရွေးချယ်ခြင်းကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူသည် အစုရှယ်ယာ အရေအတွက် (၁၀,၀၀၀)နှင့်အထက် ပိုင်ဆိုင်သူဖြစ်ရန် လိုအပ်ပြီး MTSH

Website ဖြစ်သော www.mtshmyanmar.com သို့ ဝင်ရောက်၍ သတ်မှတ်ထားသည့် ဖောင်ပုံစံအား Download ပြုလုပ်ဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူများအနေဖြင့် ၁၂-၆-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ (၄း၃၀)နာရီထက် နောက်မကျဘဲ MTSH Email အမှတ် info@mtshmyanmar.com သို့ ပေးပို့ရပါမည်။ သတ်မှတ်အချိန်ထက် ကျော်လွန်ပါက အတည်ပြုလက်ခံမည် မဟုတ်တော့ပါ။